# သခင့်စကား

ဝိညာဉ်ရေးဂျာစာစောင်

ဤသူသည် ငါ၏ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့ ဟု မိုးတိမ်က အသံတော် ဖြစ်လေ၏။ မာကု ၉း၇

| | | | |
|---|---|---|---|
| အမှတ်စဉ် (၇) | မတ်လ | ၂၀၀၂ ခုနှစ် | ဓမ္မဒါန (လစဉ် ဝထမ တနင်္ဂနွေနေ့တိုင်း ဖြန့်ချိသည်) |


## နိမိတ်လက္ခဏာ ဖြင့်ရသော ငွေ



အလုပ်လုပ်လို့ရတဲ့ငွေကို လစာငွေ လို့ခေါ်ပါတယ်။ မိဘဘိုးဘွားဆီက အမွေရတဲ့ငွေကို အမွေငွေ လို့ခေါ်ပြန်ပါရော၊ အလှူခံလို့ရတဲ့ငွေကျတော့ အလှူငွေတဲ့၊ ကဲ – အဲဒီလိုငွေကို ရတဲ့နည်းလမ်းအပေါ် မူတည်ပြီး နာမည်တပ်ခေါ်ကြမယ်ဆိုရင် လက်လှမ်းမှီသလောက် ချရေးကြည့်မိတော့ အမြတ်ငွေ၊ အရှုံးငွေ၊ လောင်းကစားငွေ၊ မတည်ငွေ၊ ရင်းနှီးငွေ၊ ဆုငွေ၊ စုငွေ၊ ဝင်ငွေ၊ ထွက်ငွေ၊ အကူငွေ၊ ရံပုံငွေ၊ အကြွေးငွေ၊ ချေးငွေ၊ ငွေမည်း၊ ငွေဖြူ၊ ခိုးရာပါပစ္စည်း(ငွေ)၊ တိုက်ရာပါပစ္စည်း(ငွေ)၊ မုန့်ဖိုးငွေ၊ ဆိုပြီးတော့ ငွေရဲ့နာမည်တွေကို ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ တွေ့ရမှာဖြစ်တယ်။ အဲဒီလို ငွေအမျိုးအစား အများကြီးရှိတဲ့ အထဲက ဒီဆောင်းပါးမှာကျွန်တော် ဝေမျှချင်တဲ့ ငွေကတော့ နိမိတ်လက္ခဏာ အားဖြင့်ရတဲ့ငွေ (နိမိတ်လက္ခဏာငွေ) အကြောင်းဘဲဖြစ်ပါတယ်။

နိမိတ်လက္ခဏာငွေနဲ့ ပတ်သက်လို့ အဖြစ်အပျက်လေးတစ်ခုကို သမ္မာကျမ်းစာထဲက ရှင်မဿဲ ၁၇း၂၄–၂၇ မှာတွေ့ရပါတယ်။ ကပေရနေမြို့သို့ ရောက်သောအခါ ဗိမ္မာန်တော်အခွန်တည်းဟူသော ဒိဒြမ္မကို ခံသောသူတို့သည် ပေတရု ဆီသို့လာ၍ သင်၏ဆရာသည် ဒိဒြမ္မ ကို မပေးသလောဟုမေးမြန်းလျှင်၊ ပေးပါသည်ဟု ပေတရု ဆို၏။ ပေတရုသည် အိမ်သို့ဝင်သောအခါ ယေရှုသည် တင်ကူး၍ အချင်းရှိမုန် သင်သည်အဘယ်သို့ထင်သနည်း။ လောကီ ရှင်ဘုရင်တို့သည် အဘယ်သူမှာ အခွန်ကိုခံကြသနည်း။ မိမိသားမှာခံကြသလော၊ သူတပါးမှာခံကြသလော ဟုမေးတော်မူလျှင် ပေတရုက သူတပါးမှာခံကြပါသည် ဟုလျှောက်သော် ယေရှုကလည်း သို့ဖြစ်လျှင် သားမူကားလွတ်ရ၏။ သို့သော်လည်း ထိုသူတို့သည် ငါတို့ကြောင့် မှားယွင်းမည့်အကြောင်း အိုင်သို့သွား၍ ငါးများကိုချလော့၊ ရှေဦးစွာရသော ငါးကိုယူ၍ ပါးစပ်ကိုဖွင့်လျှင် သတာဘဲ တစ်ပြားကို တွေ့လိမ့်မည်။ ထိုငွေကိုယူ၍ ငါ့အဘို့နှင့်သင့်အဘို့ ထိုသူတို့အားပေးလော့ဟု မိန့်တော်မူ၏။ ရှင်မဿဲ ၁၇း၂၄–၂၇

ဒီအကြောင်းအရာကို ကြည့်ခြင်းအားဖြင့် ရှင်ပေတရု ဟာ သခင်ယေရှု ရဲ့ နိမိတ်လက္ခဏာအားဖြင့်ရတဲ့ငွေကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရတဲ့သူဖြစ်ပါတယ်။ အခွန်ဆောင်ဖို့ ငွေလိုတဲ့အခါမှာ သခင်ယေရှုက ငွေကို ငါးပါးစပ်ထဲက သွားယူခိုင်းပါတယ်။ ငွေ ဟာ ငွေအိတ်ထဲမှာ (သို့) ဘဏ်ထဲမှာဘဲ ရှိတတ်ပါတယ်။ ဒါပေမဲ့ သခင်က ငွေကို အိုင်ထဲမှာရှိတဲ့ ငါးတွေထဲက ပထမဦးဆုံးရတဲ့ ငါးရဲ့ပါးစပ်ကိုဖွင့်ပြီး သွားယူခိုင်းပါတယ်။ ဒီလိုခိုင်းစေချက်ကို ကြားရတဲ့အခါ ပေတရု အံ့သြကောင်းအံ့သြသွားပါလိမ့်မယ်။ ပေတရု ဟာစေဒက တက်တတ်တဲ့သူဆိုတာ လုကာ အခန်းကြီး ၅ မှာတွေ့နိုင်ပါတယ်။ တညလုံး ငါးဖမ်းတာ ငါးမရလို့ စိတ်ညစ်နေတဲ့ ပေတရု ကို ငါးအကြောင်းမကျွမ်းကျင်တဲ့ ယေရှု က ရေနက်ရာကိုရွှေ့ခိုင်းပြီး ပိုက်ကွန်ချခိုင်းတော့ ပေတရု က 'တစ်ညလုံးဖမ်းပြီးသွားပြီ၊ တစ်ကောင်မှမရဘူး' လို့ကောင်းကောင်း စေဒက တက်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာဘဲ သခင့်ရဲ့ နိမိတ်လက္ခဏာအားဖြင့် လှေနှစ်စင်းပြည့်မတတ် ငါးရခဲ့တာကို မြင်တွေ့ခဲ့ရတော့ ဒီတစ်ခါ သခင်ကထပ်ပြီး ငါးပါးစပ်ထဲမှာ ငွေရှိတယ်လို့ပြောတာကို လုံးဝ စေဒကမတက်ခဲ့ပါ၊ လျှာမရှည်ရဲပါ၊ ငါးပါးစပ်ထဲမှာ ပိုက်ဆံ မရနိုင်တာ ပေတရုကောင်းကောင်း သိတာပေါ့၊ ဒါပေမဲ့ သူ့ရဲ့ သခင်(ယေရှု)ရဲ့ စကားနဲ့ နိမိတ်လက္ခဏာငွေ ကိုရမယ်ဆိုတာ အကြွင်းမဲ့ယုံကြည်ခဲ့တယ်။ ယုံကြည်ခြင်းနဲ့ ငါးကိုဖမ်းတဲ့အခါမှာ နိမိတ်လက္ခဏာငွေကို တွေ့ရပါတယ်။

ကျမ်းစာကို လေ့လာကြည့်ရင် သခင်ယေရှုဟာ နိမိတ်လက္ခဏာ မျိုးစုံကိုပြခဲ့တာတွေ့ရပါလိမ့်မယ်။ (ရေပေါ်လမ်းလျှောက်၊ သေသူကို ထမြောက်စေခြင်း၊ နူနာကို သန့်ရှင်းစေခြင်း၊ ရေမှ စပျစ်ရည်ဖြစ်စေခြင်းနှင့် မုန့်ငါးလုံး ငါးနှစ်ကောင်ကို တိုးပွားစေခြင်း၊ ကန်းသူကို မြင်စေခြင်း၊ နားပင်းသူကို ကြားစေခြင်း၊ ) ဒါပေမဲ့ ငွေရအောင် လုပ်ဆောင်ခဲ့တဲ့ နိမိတ်လက္ခဏာကိုတော့ ဒီအဖြစ်အပျက် မှာဘဲတွေ့ရပါတယ်။ (တခြားနေရာတွေမှာတွေ့ခဲ့ရင် ကျွန်တော့်ဆီ အကြောင်းကြားစေလိုပါတယ်) မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်အဖြစ်အပျက်မှာ သခင်ယေရှုဟာ မုန့်နဲ့ငါးကို အလှူခံခဲ့ပါတယ်။ ဒါပေမဲ့ အခုအခွန်ဆောင်ဖို့ငွေလိုနေချိန်မှာ ငွေကိုအလှူမခံခဲ့ပါဘူး။ တကယ်ဆို ငွေကို အလှူခံပြီး ပွားများလာအောင်ဆုတောင်းလို့ရပေမဲ့ အဲဒီလိုမလုပ်ဘဲ၊ အိုင်ထဲမှာ ငါးသွားများခိုင်းပါတယ်။ ရတဲ့ငါးကို ရောင်းပါ၊ ရောင်းလို့ရတဲ့ငွေနဲ့ အခွန်ဆောင်ပါလို့မပြောပါဘူး။ ငါးကိုရောင်းရင် ငါးကိုမစားရဘဲ၊ ငွေဘဲရမှာဖြစ်တယ်။ ဒါကြောင့်သခင်က ငါးပါးစပ်ကို ဖွင့်ပြီးငွေကို နှိုက်ယူခိုင်းတဲ့အတွက် ငါးကိုလဲ ရတယ်၊ ငွေကိုလဲ ရပါတယ်။ ဒါဟာ ဘုရားရှင်ပေးတဲ့ ကောင်းကြီးနှစ်မျိုးဖြစ်ပါတယ်။ ဟာလေလုယာ ။

ဘုရားသခင်က ကျွန်တော်တို့ကို နိမိတ်လက္ခဏာငွေ ပေးချင်ပါတယ်။ ကျွန်တော်တို့က အလှူငွေကိုဘဲ လိုချင်ကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဆုတောင်းတဲ့အခါမှာ 'ဘုရားသခင် ကျွန်တော်တောင်းတာကို လုပ်ပေးရင်၊ ကိုယ်တော့်ကို ဘာပြန်ပေးပါ့မယ်။ ညာပြန်ပေးပါ့မယ်' ဆိုပြီး ဂတိပေးတက်ပါတယ်။ ဒီဆုတောင်းချက်ဟာ ခရစ်ယာန် အသိုင်းအဝိုင်းမှာ သိပ်ပြီးရေပန်းစားပါတယ်။ လူကြိုက်လဲများပါတယ်။ ကျွန်တော်တို့ရဲ့ ဆန္ဒပြည့်အောင် ဘုရားကလုပ်ပေးမှ ကျွန်တော်တို့က ဘုရားကို တစ်ခုခုပြန်ပေးမယ်လို့ ကတိပြုတတ်ကြပါတယ်။ ဒါပေမဲ့ ဘုရားသခင် ဖြစ်စေချင်တာက သူခိုင်းတာကို အရင်လုပ်ရမှာဖြစ်ပါတယ်။ သူခိုင်းတာကတော့ အိုင်ထဲက ငါးကို သွားများဖို့ဖြစ်ပါတယ်။ ငါးများခြင်း ဆိုတာကတော့ တစ်ယောက်နဲ့တစ်ယောက်တူမှာမဟုတ်ပါဘူး ဘုရားသခင်က တစ်ချို့ကို သူနာပြုစုခြင်း ငါးကိုများခိုင်းမယ်၊ တစ်ချို့ကို ဆောက်လုပ်ရေးအလုပ်ကိုလုပ်ခြင်း ငါးကိုများခိုင်းမယ်။ တစ်ချို့ကို စာပေဂီတ အားဖြင့် ငါးများခိုင်းမယ်။ ဟချို့ကို ဖဲ့ဂေလိဟောခြင်း၊ တစ်ချို့ကို သင်းအုပ်၊ တစ်ချို့ကို စီးပွားရေးရင်းနှီးမြှုပ်နှံခြင်း၊ တစ်ချို့ကို အိမ်အလုပ်၊ ရုံးအလုပ်၊ ဆိုပြီးအမျိုးမျိုးကွဲပြားမှာဖြစ်ပါတယ်။ ဒါပေမဲ့ အဓိကကတော့ သခင်ခိုင်းတာကို အရင်လုပ်ရမှာဖြစ်ပါတယ်။ 'ကိုယ်တော် ခိုင်းတာကို လုပ်ဖို့ ကျွန်တော်တို့ ငွေလိုပါတယ်၊ ငွေအရင်ပေးပါ' လို့စေဒကတက်ပြီး ငွေကိုအရင်တောင်းခဲ့ရင်တော့ နိမိတ်လက္ခဏာငွေ နဲ့ဝေးသွားပါလိမ့်မယ်။ ဖိလိပ္ပု ဟာသခင်ယေရှုကို 'ဤသူတို့သည် မုန့်တစ်ဖဲ့စီ စေ့ငအောင် ဒေနာရိအပြားနှစ်ရာအဘိုးထိုက်သော မုန့်မလောက်ပါ' လို့ ယောဟန် ၆း၇ မှာ ဆင်ခြေပေးခဲ့တဲ့အတွက် နိမိလက္ခဏာငွေကို မြင်ခွင့်မရခဲ့ပါဘူး။ ဒါ့ကြောင့် ယုံကြည်သူကျွန်တော်တို့ လက်တွေ့တည်ဆောက်နေတဲ့ မိသားစု၊ အိမ်ထောင်၊ ဂိုဏ်းအဖွဲ့၊ အသင်းတော် ထဲမှာ ငွေလိုလာပြီဆိုပါစို့၊ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ ဒီနေရာမှာ ကျွန်တော့်အကြောင်း သက်သေခံချင်ပါတယ် ၁၉၉၃ ခုနှစ်ဝန်းကျင်က ကျွန်တော် ခရစ်ယာန်မဂ္ဂဇင်း တစ်ခုကို တာဝန်ယူ ထုတ်ဝေနေရပါတယ်။ ထုံးစံအတိုင်းငွေလိုပါတယ်၊ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးက ပြည့်စုံတဲ့ ယုံကြည်သူတွေဆီမှာ လူကိုယ်တိုင်သွားပြီး အကျိုးအကြောင်းပြောပြ အလှူခံဖို့နဲ့ အလှူငွေ


မင်း ဇောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်

## ဒေါ်လေးဟန္န၏မှတ်စုတိုများ

# အသင်းတော်ခေတ်နိဂုံးရောက်လာပြီ

( 33 AD - 2001 AD ) အကျဉ်းချုပ်၍ ဖော်ပြခြင်းသာဖြစ်သည်။

သွန်သင်ချက်

စစ်မှန်သော အသင်းတော်ဟူသည်၊
ကယ်တင်ခြင်းရပြီးသူများဖြင့်သာ တည်ဆောက်ထားသည်။
ခရစ်တော် ဖွားတော်မမူခြင်း ခံတော်မမူမည်ကာလ– **BC ( Before Christ )**
ခရစ်တော် ဖွားမြင်ခြင်း ခံတော်မူပြီးကာလ၊– **AD ( Anno Domini )**
(လက်တင် ဘာသာစကားဖြစ်သည်။) သခင်ဘုရား၏ နှစ်များဟုခေါ်သည်။
အသင်းတော်သည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့သည်။

–တမန်တော်များခေတ်
–မာတုရများခေတ်
–နိုင်ငံတော်နှင့် အသင်းတော်ပေါင်းဖက်သောခေတ်၊
–ပုပ်ရဟန်းမင်း အသင်းတော်ခေတ်
–ပြန်လည်ပြုပြင်ရေး အသင်းတော်ခေတ်
–သာသနာထွန်းကားပြန့်ပွားသောခေတ်



အထက်ပါခေတ်များ တစ်လျှောက်လုံးကို ဖြတ်သန်းခဲ့ပြီး၊ မကြာမီ အသင်းတော်ခေတ် ကုန်ဆုံးတော့မည်။ ခေတ်အဆက်ဆက် ၌ စာတန်သည် အသင်းတော်ကို ညှဉ်းပန်း၊ လှည့်ဖြား၊ နှိပ်စက်ခဲ့သည်။ အချင်းချင်း သွေးကွဲစေရန် တိုက်ခိုက်ခဲ့သည်။ ယုံကြည်ခြင်း ပျက်ပြားအောင် တိုက်ခိုက်သည်။ ယုံကြည်ခြင်း အားကြီးစွာ အစေခံသောသူများက မာတုရ အဖြစ် အသေခံရသည်။ ( Martyrs/မာတုရ = ဘာသာရေး ယုံကြည်ခြင်း အတွက် အသတ်ခံရသူ ကိုဆိုလိုသည်။) ယခုခေတ်တွင် အမှုတော်ဆောင်များ အမှန်တကယ် အသက်စွန့်၍ အမှုတော် ဆောင်နေပါသလား၊

စာတန်သည် နိုင်ငံတော်နှင့် အသင်းတော် ပေါင်းဖက်သောခေတ်တွင် အသင်းတော်များကို ဖျက်ဆီးသည့်နည်းကို မသုံးတော့ပါ။ ကွန်စတိုင်း ဘုရင် ( ခရစ်ယာန်ဘုရင် ) နန်းစတက်သည့် နှစ်မှစ၍ ခရစ်ယာန်ဘာသာကို နိုင်ငံတော် ဘာသာအဖြစ် အသိအမှတ်ပြုပြီး လူများစွာကို အမည်ခံ ခရစ်ယာန်ဖြစ်ရန် လှည့်စားလိုက်သည်။ စစ်မှန်စွာ နောင်တမရသူ၊ ရုပ်တုကိုးကွယ်သောသူ များစွာတို့သည် ဘုရင့်အာဏာကြောင့် အမည်ခံ ခရစ်ယာန်ဖြစ်လာပြီး အသင်းတော်ကို လွဲမှားသောနည်းဖြင့် လှည့်ဖြား ခဲ့ကြသည်။ အသင်းတော်သည် ရုပ်တုနှင့်လည်းကောင်း၊ စည်းစိမ်ဥစ္စာ နှင့်လည်းကောင်း ရှုပ်ထွေးလာကာ သမ္မာတရားလမ်းမှ လွဲ၍ ဂိုဏ်းဂနနှင့် အယူဝါဒ များစွာပေါ်ပေါက်လာခဲ့သည်။ သမ္မာကျမ်းစာကို လူတို့လက်ထဲ မရောက်ရန် နည်းအမျိုးမျိုး၊ လူအမျိုးမျိုးဖြင့် စာတန်က အသုံးပြု၍ တားဆီးခဲ့သော်လည်း မာတုရ များက အသက်အသေခံ၍ ကျမ်းစာကို ဘာသာပြန်ခဲ့သည်။

မာတုရ များကြောင့် ကျမ်းစာသည် ကျွန်ုပ်တို့လက်ထဲသို့ လွယ်ကူစွာ ရောက်ရှိ လာပါပြီ။ သို့ရာတွင် စာတန် က ကျမ်းစာ ကို လူတွေ နားမလည်ရန်၊ **အဓိပ္ပာယ်မပေါ်စေရန် ရှုပ်ထွေးစေခဲ့သည်။ ကျမ်းစာ** ဖတ်သူများကိုလဲ ဖတ်ချိန်မရအောင်၊ ထိုင်းမှိုင်းအောင် ၊ အိပ်ငိုက်အောင်၊ ပင်ပန်းအောင်လုပ်ထားသောကြောင့် ယနေ့ ခရစ်ယာန်များစွာမှာ ကျမ်းစာကို နားမလည်ဘဲ မူကြိုကျောင်းသား ခရစ်ယာန်များ ဖြစ်နေပြီး၊ အသင်းတော်ထဲတွင် 'ပျောက်သောသားများ' ဖြစ်နေကြပါသည်။ ကိုယ်ခန္ဓာ အသက်ရှင်လျက် ဝိညာဉ်ရေးတွင်လေဖြတ်နေသည်။ ဇဝံဂေလိ မဟောရဲကြပေ။ တန်ခိုးမဲ့သော ခရစ်ယာန်များဖြစ်နေသည်။ ထိုသူများအတွက် အသင်းတော်ခေတ် နိဂုံးချုပ်ချိန် အလွန်နီးနေပြီဖြစ်ကြောင်း ကျမ်းစာတွင်တွေ့ရပါသည်။

လူသားများ ပို၍ဆိုးသွမ်းလာမည်။ သမ္မာတရားကို စာတန်က ဆက်လက် ဆီးတားတိုက်ခိုက်မှုများ တိုးပွားလာအုံးမည်။ မှားယွင်းသော သွန်သင်ချက်များဖြင့် လမ်းလွဲစေအုံးမည်။ သူတော်ကောင်း အယောင်ဆောင် များနှင့် လူဆိုးများသည်လဲ ဆက်လက် ဒုက္ခပေးနေအုံးမည်။

ဘုရားမဲ့၊ တရားမဲ့ ဖြစ်မည်။ အသင်းတော်ခေတ် နိဂုံးချုပ်ခန်းကို သင်မျက်ဝါးထင်ထင် မြင်နေရပြီ။ မည်သည့်နေ့တွင် နိဂုံးချုပ်မည်ကို မသိပါ။ အသင်းတော်ခေတ် မည်သို့နိဂုံးချုပ်မည်ကို ကျမ်းစာက အတိအကျ ဖော်ပြထားပါသည်။ ( ၁သက် ၄း၁၃–၁၈ ) ခရစ်တော်၌ အိပ်ပျော်နေသော ကွယ်လွန်သွားသည့် ခရစ်ယာန်များစွာ၏ ရုပ်ခန္ဓာသည် သင်္ချိုင်းတွင် ရှိနေသော်လည်း သူတို့၏ဝိညာဉ်သည် သခင်ဘုရားနှင့်အတူ ပရဒိသုဘုံတွင် စံမြန်းနေမည် ဖြစ်သည်။ အသင်းတော်ခေတ် ကုန်ဆုံးချိန်တွင် ကျွန်ုပ်တို့လည်း ထိုသူများနှင့်အတူ သခင်ဘုရား၏ ချီဆောင်ခြင်းကို ခံယူရန် အသင့် ရှိနေကြရမည်။ ။

*( ဒေါ်လေး ဟန္န )*


မြန်မာဘာသာစကားဖြင့်တင်ဆက်သောအစီအစဉ်များကိုရေဒီယိုဖြင့်နားဆင်နိုင်ပါပြီ

ကြော်ငြာ

# မေတ္တာကျွမ်းမှာလေလှိုင်းသံ

**လှိုင်းတို ၂၂ မီတာ၊ ကီလိုဟတ်ဇ် ၁၃၆၈၅**
မြန်မာ စံတော်ချိန် ည ၇း၃၀ နာရီ မှ ည ၈း၃၀ နာရီ အထိ
စင်ကာပူ စံတော်ချိန် ည ၉ နာရီ မှ ည ၁၀ နာရီ အထိ

*အသံလွှင့်မည့် အစီအစဉ်များ*

သင်သိအပ်သော သမ္မာကျမ်း
ထာဝရ မေတ္တာ
မျှော်လင့်ဖွယ်ရာ လူငယ့်ကမ္ဘာ
မျှော်လင့်ဖွယ်ရာ မိန်းမသားတို့ ကမ္ဘာ
ဘဝပန်းတိုင်


## ချစ်သူ

မကြွင်နာသူတို့က
ရင်နာလို့ စွန့်သွားကြပေမဲ့၊

မတွယ်တာ သူတို့က
ကွယ်ရာသို့ ပုန်းရှောင်သွားကြပေမဲ့၊

လိုနေတဲ့ ရင်ခွင် တစ်နေရာမှာ
ကိုယ်တော်မြတ် ယေရှုသခင် ဟာ၊
ခိုဝင်ကာ ထာဝရ ချစ်မဲ့သူပါ။ ။

*(ကျွန်တော် )*


မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဝန နှင့် ငြိစွန်း၊ ဝတ်သက်သော စာမူများကို လုံးဝ လက်မခံပါ။ )
**MIN AUNG THET LWIN 4 TUAS AVE 10 SINGAPORE 6391289**

